## ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ အပိုင်း(၂၈)

## စစ်ဝတ်စုံ ဝတ်ထားတဲ့ လူထု (သို့မဟုတ်) တပ်မတော်သားများနှင့် အခြေခံဥပဒေ (၂)

ပြည်လုံးကျွတ် လူထုဆန္ဒခံယူပွဲမှာ မဲပေးကြဘို့ရက်နီးကပ်လာပါပြီ။ နအဖ ပြင်ဆင်ရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ထောက်ခံမဲပေးမလား၊ ကန့်ကွက်မဲပေးမလား ဆိုတာကို အရပ်သားလူထုတွေသာမက စစ်ဝတ်စုံဝတ်ထားကြတဲ့ လူထုတွေဖြစ်တဲ့ တပ်မတော်သားတွေပါ ဆုံးဖြတ်ဆန္ဒပြုကြရတော့မှာ ဖြစ်ပါတယ်။ တပ်မတော်သားတွေ အဓိကစဉ်းစားသင့်တာကတော့ ဒီဖွဲ့စည်းပုံအခြေခံဥပဒေဟာ ငါတို့ဘဝလုံခြုံမှုနဲ့ တိုးတက်မှုအတွက် တကယ်ကို လိုအပ်တဲ့ပြဋ္ဌာန်းချက်တွေ ပါရဲ့လား။ ဒါမှမဟုတ် ငါတို့ဘဝလုံခြုံမှုနဲ့ တိုးတက်မှုကို ဖျက်ဆီးမယ့် ပြဋ္ဌာန်းချက်တွေပါနေသလား ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဘာကြောင့်လဲ ဆိုတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ကိုင်ပြီး ကိုယ်ရသင့်တဲ့ အခွင့်အရေးတွေ တောင်းဆိုခွင့်ကို သာမန်လူထုတွေသာမက တပ်မတော်သားတွေပါ ခံစားခွင့်ရှိသင့်လို့ ဖြစ်ပါတယ်။

နအဖ ရဲ့ဖွဲ့ စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၀ (ခ) မှာ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါတယ်။

တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက် ပိုင်ခွင့် ရှိသည်။

ဒီလို ပြဋ္ဌာန်းထားတာကြောင့် တပ်မတော်အတွက် ကောင်းမယ်လို့ တပ်မတော်သားတွေက ယူဆရင်သွက်သွက်လည်အောင် မှားသွားပါလိမ့်မယ်။ ဒါကိုနားလည်နိုင်ဘို့အတွက် ပထမဆုံးသတိပြုသင့်တာက တပ်မတော်ဆိုတာ အထက်အမိန့် နာခံမှုနဲ့ တည်ဆောက်တာဖြစ်တယ်၊ အောက်ခြေတပ်မတော်သားထုရဲ့ တင်ပြချက်ကို အထက်ခေါင်းဆောင်ဗိုလ်ချုပ်တွေက တလေးတစား နားထောင်ခံယူပြီးမှ ဒီမိုကရေစီ အခြေခံနဲ့ တည်ဆောက်လည်ပတ်ရတာမျိုးမဟုတ်ဘူး၊ အောက်ခြေတပ်မတော်သားထုတွေရဲ့ အကျိုးကို မဖေါ်ဆောင်နိုင်တာကြောင့် မကြိုက်တဲ့အတွက် အထက်ခေါင်းဆောင်ဗိုလ်ချုပ်ကြီးတွေကို ဖြုတ်ချလို့ ရနိုင်တာမျိုး မဟုတ်ဘူး၊ ဆိုတာကနေ စတင်စဉ်းစားရပါမယ်။

ဒုတိယ သတိပြုသင့်တာကတော့ **တပ်ပိုင်းဆိုင်ရာ** ဆိုတဲ့အချက်ဟာ စစ်ရေးစစ်ရာထက်ပိုပြီးကျယ်ပြန့်တယ်။ "တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။" ဆိုတာ ဘာကို ဆိုလိုတာလဲ။ တပ်မတော်ရပ်တည်ရေးအတွက် လိုအပ်တဲ့ ဘဏ္ဍာငွေကြေးရှာဖွေတာ၊ စီမံခန့်ခွဲသုံးစွဲတာ၊ ရာထူးအဆင့်ဆင့် ခန့်အပ်တာ၊ လေ့ကျင့်သင်တန်းပေးတာ၊ တပ်ရင်းတပ်ဖွဲ့တွေရဲ့တပ်တည် အခြေစိုက်နေရာတွေကို သတ်မှတ်တာ၊ တပ်မတော်သားတွေကို အရေးယူတာ အစရှိတာတွေ အားလုံးကို တပ်မတော်အနေနဲ့ မိမိကြိုက်နှစ်သက်သလို စီမံခန့်ခွဲခွင့် ရှိတယ်လို့ဆိုလိုတာဖြစ်ပါတယ်။

တတိယ သတိပြုသင့်တာကတော့ တပ်မတော်ဟာ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းရဲ့ အစိပ်အပိုင်းတရပ်သာ ဖြစ်တယ်။ တိုင်းပြည်နဲ့ လူ့အဖွဲ့အစည်းကနေ တသီးတခြားရပ်တည်လို့ မရနိုင်ဘူး ဆိုတာပါဘဲ။ ပထဝီ အနေအထားအရ၊ ရုပ်ဝတ္ထုအရ၊ စီးပွားရေးဘဝအရ၊ နိုင်ငံရေး တည်ဆောက်မှုအရ၊ လူမှုပတ်ဝန်းကျင် ဆက်ဆန်ရေးအရ တပ်မတော်ဟာ တိုင်းပြည်နဲ့ လူ့အဖွဲ့ အစည်းကနေ ကင်းကွာပြီးရပ်တည်လို့ မရနိုင်ဘူး။ ဆက်စပ်မှီခိုပြီးမှသာ ရပ်တည်ရတာဖြစ်တယ်။

အထက်မှာတင်ပြခဲ့တဲ့ အချက်သုံးချက်ကို ဆက်စပ်ဆွေးနွေးသွားပါမယ်။ ဒီသုံးချက်ရဲ့ အပြန်အလှန်ဆက်စပ်မှု၊ ထောက်ကူမှု၊ လွှမ်းမိုးချယ်လှယ်မှုတွေကို နားလည်ဘို့ လိုပါမယ်။ ဒါမှသာ "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။" ဆိုတဲ့ ပြဋ္ဌာန်းချက်ဟာ လူထုအတွက်သာမက တပ်မတော်သားတွေ အတွက်ပါ အကျိုးရှိမရှိသုံးသပ်နိုင်မှာ ဖြစ်ပါတယ်။

နအဖ ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) နောက်ဆက်တွဲ ဇယား (၁) ပြည်ထောင်စု ဥပဒေစာရင်းဆိုတာ ပါရှိတယ်။ ပြည်ထောင်စု ဥပဒေပြုစါရင်း ဆိုတာကတော့ ပြည်ထောင်စုလွှတ်တော်ကနေ ဥပဒေပြဋ္ဌာန်းနိုင်ခွင့်ရှိတဲ့ စါရင်းကိုဆိုလိုတာပါ။ အဲဒီအထဲမှာနိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေး ကဏ္ဍဆိုတာကို အသေအချာလေ့လာကြည့်ပါတယ်။ အံ့သြစရာကောင်းတဲ့ အချက်ကတော့ တပ်မတော်ရဲ့ အသုံးစါးရိပ်တွေအတွက် ဘဏ္ဍာငွေကြေးခွဲဝေသတ်မှတ်ခြင်း ဆိုတာလုံးဝမပါရှိဘူး။ ဒီနေရာမှာ ရှင်းသွားတာက တပ်မတော်ရဲ့ အသုံးစါးရိပ်တွေအတွက် ဘဏ္ဍာငွေကြေးခွဲဝေသတ်မှတ်ဘို့ ဥပဒေပြဋ္ဌာန်းပိုင်ခွင့်ကို ပြည်ထောင်စုလွှတ်တော်ကို အပ်နှင်းထားခြင်းမရှိဘူး ဆိုတာပါဘဲ။ ဒီတော့ တပ်မတော်ရဲ့ အသုံးစါးရိပ်ဆိုတဲ့အောက်မှာ သမတ ဦးဆောင်တဲ့ အုပ်ချုပ်ရေး ကဏ္ဍကနေ ဘဏ္ဍာငွေတွေ ထင်သလိုစီမံခန့် ခွဲသုံးစွဲမှာတွေကို ပြည်ထောင်စု လွှတ်တော်က ဘယ်လိုမှ ကြပ်မတ်စစ်ဆေးပိုင်ခွင့် မရှိတော့ဘူး။

တဘက်မှာကလဲ "တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။" လို့ပြဋ္ဌာန်းထားတဲ့ အခါကျတော့ လက်တွေ့မှာ ဘာဖြစ်လာမလဲဆိုရင် မြန်မာဦးပိုင်စီးပွားရေး လီမိတက်လို ကုမ္ပဏီကြီးတွေ၊ လုပ်ငန်းကြီးတွေကို ကြိုက်သလို တည်ထောင်ပြီး တပ်မတော်ဆိုတဲ့ခေါင်းစဉ်အောက်ကနေ စစ်ဗိုလ်ချုပ်တစုကနေ ထင်သလိုချယ်လှယ် အမြတ်ထုတ်သွားကြမယ်။ အထက်စစ်ခေါင်းဆောင်တစု ရဲ့စီမံခန့်ခွဲမှုတွေကို

အောက်ခြေတပ်မတော်သားထု အဆင့်ဆင့်ကလဲ ဘယ်လိုမှ ကြပ်မတ်စစ်ဆေးခွင့်မရတဲ့ အခါကျတော့ စီးပွားရေးအရ လက်တဆုပ်စါ စစ်ဗိုလ်ချုပ်တစုသာ ကြီကြီတက်အောင်ချမ်းသာနေပြီး တပ်မတော်သားထုတရပ်လုံးမွဲပြာကျနေရတဲ့ အခု လက်ရှိအခြေအနေတွေ ပိုပြီးဆိုးလာမယ်။

တပ်ရင်းတပ်ဖွဲ့တွေရဲ့တပ်တည် အခြေစိုက်နေရာတွေအတွက်ဖြစ်စေ၊ တပ်မတော် ရပ်တည်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ဘို့ဆိုတဲ့ အကြောင်းပြချက်တွေနဲ့ဖြစ်စေ၊ စစ်ခေါင်းဆောင်တစုကနေ နိုင်ငံတော်ပိုင်မြေယာတွေကို ကြိုက်သလို စီမံခန့်ခွဲသုံးစွဲတာ၊ လယ်သမားတွေရဲကျွဲနွားတွေ စားသုံးဘို့လိုအပ်တဲ့ အများပိုင်စားကျက်မြေတွေကို သိမ်းယူတာ၊ လယ်သမားတွေ ဥယျဉ်ခြံလုပ်ကိုစားသောက်သူတွေရဲ့ပုဂ္ဂလိကပိုင် လယ်မြေ၊ ဥယျဉ်ခြံမြေတွေကို လျော်ကြေးမပေးဘဲ အတင်းအကြပ် သိမ်းယူတာတွေ ပိုပြီး ဆိုးဆိုးဝါးဝါးဆက်ဖြစ်လာမယ်။ အောက်ခြေတပ်ရင်းတပ်ဖွဲ့တွေက တပ်မတော်သားတွေကို ဒေသခံလူထုတွေက မုန်းတည်းမှုတွေ ပိုများလာမယ်။

"တပ်မတော်သည် တပ်ပိုင်းဆိုင်ရာ ကိစ္စအားလုံးကို လွတ်လပ်စွာစီမံခန့်ခွဲ စီရင်ဆောင်ရွက်ပိုင်ခွင့် ရှိသည်။" ဆိုတဲ့ ပြဌာန်းချက်အောက်မှာ တပ်မတော်ရဲ့ထိပ်ပိုင်းကာကွယ်ရေးဦးစီးချုပ်ဆိုသူနဲ့ သူ့ရဲ့အဝန်းအဝိုင်း စစ်ခေါင်းတစုရဲ့ စိတ်ကြိုက် တပ်မတော်ကို လှေ့ကျင့်သင်တန်းပေးတာတွေ ဆက်ပြီးဖြစ်ပွားနေမယ်။ ခေတ်မှီတိုးတက်တဲ့ လူ့အခွင့်အရေး အတွေးအခေါ်အယူအဆတွေ၊ ဥပဒေစိုးမိုးရေးအခြေခံတွေ၊ မှန်ကန်တဲ့မျိုးချစ်စိတ်ဓါတ်တွေ၊ တိုင်းပြည်ကို ပြည်ပအန္တရယ်ကနေ ကာကွယ်ရေးတာဝန်ကိုသာတပ်မတော်က အဓိကထမ်းဆောင်ရမယ်ဆိုတဲ့ အသိတရားတွေ၊ ပြည်သူလူထုရဲ့ အခွင့်အရေးတွေကိုဘယ်လို လေးစားရမယ်ဆိုတဲ့ တန်ဘိုးတွေကို တပ်မတော်သားတွေအနေနဲ့ ဘယ်တော့မှ လှေ့လာသင်ကြား ခွင့်ရမှာ မဟုတ်တော့ဘူး။

တပ်မတော်ကို လှေ့ကျင့်ရေးမှာ လူထုနိုင်ငံရေးခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍကို လုံးဝဖယ်ရှားလိုက်ပြီဖြစ်တာကြောင့် တပ်မတော်သာ အမိ၊ တပ်မတော်သာ အဘ ဆိုတဲ့ မှားယွင်းတဲ့လုံ့ဆော်မှုတွေကို တပ်မတော်သားတွေ ဆက်လက်ခံယူသွားကြရမယ်။ ကိုယ်ပိုင်တွေးခေါ်စဉ်းစားမှု ဟူသမျှကို ဘာတခုမှ ခွင့်မပြုတော့တဲ့ အနေအထားကို ဖန်တည်းသွားမယ်။ အမိန့် နာခံမှုကိုသာ လိုအပ်တာထက်ပိုပြီး လှေ့ကျင့်တည်ဆောက်ပေးတာခံရမယ်။ ထားရာနေ၊ စေရာသွား၊ ခိုင်းတာလုပ်ရတဲ့ စက်ရုပ်စစ်သားဘဝဟာ ယခုထက် အဆများစွာပိုပြီး ပီပြင်လာမယ်။

တပ်မတော်သားရာထူးတာဝန် အဆင့်ဆင့်ကို ခန့်ဖြုတ်တဲ့ နေရာတွေမှာ ထိပ်ပိုင်းအမြင့်ဆုံးဖြစ်တဲ့ ကာကွယ်ရေးဦးစီးချုပ်ကနေသာ စိတ်ကြိုက်ချယ်လှယ်သွားမယ်။ နအဖရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ရဲ့ အုပ်ချုပ်ရေးကဏ္ဍမှာ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီဆိုတာကို ဖွဲ့စည်းပေးထားတယ်။ ဖွဲ့စည်းပုံတခုလုံးမှာ ဟိုကသည်က ပြဌာန်းချက်တွေနဲ့ ဆက်စပ်လို့ အဲဒီကောင်စီကို ကြောက်ခမန်းလိလိ အခွင့်အာဏာတွေ အပ်နှင်းထားတယ်။ အဲဒီ ကောင်စီမှာ အဖွဲ့ဝင်တဆယ့်တဦးရှိတဲ့အနက် ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ (၆) ဦးဟာ လက်ရှိ တာဝန်ထမ်းဆောင်နေဆဲ စစ်ဗိုလ်ချုပ်တွေဖြစ်တယ်။ ဆိုလိုတာက အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီလို့ဆိုပေမယ့် တကယ်တော့ကာကွယ်ရေးဦးစီးချုပ်ဦးဆောင်တဲ့ စစ်ဗိုလ်ချုပ် (၆) ဦးကသာ အမြဲတန်းလူများစုအဖြစ်နဲ့ ရပ်တည်ဦးဆောင်သွားမှာ ကြောင့် တကယ်တော့ စစ်ကောင်စီသာ ဖြစ်ပါတယ်။

ဒါကြောင့် စစ်ကောင်စီရဲ့ ထောက်ခံချက်နဲ့ သမတကနေ ကာကွယ်ရေးဦးစီးချုပ်ကို ခန့်အပ်ရမယ်ဆိုတဲ့ ပြဌာန်းချက်ဟာ လက်တွေ့မှာ ဘာကိုပြတာလဲဆိုတော့ လက်ရှိကာကွယ်ရေးဦးစီးချုပ်ကနေ နောက်ထပ် တာဝန်ထမ်းဆောင်မယ့် ကာကွယ်ရေးဦးစီးချုပ်တဦးကို ဆက်လက်ခန့်အပ်သွားမယ်လို့ ဆိုလိုတာပါဘဲ။ ပြီးတော့ အဲဒီကာကွယ် ရေးဦးစီးချုပ်ကနေ အောက်ပိုင်းတပ်မတော် အရာရှိကြီးတွေအားလုံးကို ခန့်အပ်သွားမှာဖြစ်တော့တာကြောင့် တပ်မတော်ထိပ်ပိုင်း အရာရှိကြီးတွေ ခန့်အပ်တဲ့ကိစ္စမှာ လူထုနိုင်ငံရေးခေါင်းဆောင်တွေရဲ့ အခန်းကဏ္ဍဘာမှ မရှိတော့ဘူးဆိုတာ သေချာသွားပြီဖြစ်တယ်။ ဒီတော့ တပ်မတော်အတွင်းရာထူးတာဝန်ခန့်အပ်မှုတွေမှာ ထိပ်ပိုင်းကာကွယ်ရေးဦးစီးချုပ်ကစပြီး အောက်ခြေအဆင့် အသီးသီးကို အထက်အောက်ပုံစံသက်သက်နဲ့သာ ခန့်အပ်သွားတော့မယ်။

ဖိလစ်ပိုင်နိုင်ငံမှာ တပ်မတော်အရာရှိတွေကို ရာထူးတာဝန်တိုးပေးတော့မယ်ဆိုရင် အဲဒီလိုတိုးပေးဘို့ အမည်စါရင်းတင်သွင်းခံရတဲ့ အရာရှိနဲ့ပတ်သက်လို့ လူ့အခွင့်အရေးကော်မရှင်ဆီက သဘောထားမှတ်ချက်ယူရတယ်။ အရပ်သားလူထုတွေနဲ့ ဖွဲ့စည်းထားတဲ့ လူ့အခွင့်အရေးကော်မရှင်ကနေ အဲဒီတပ်မတော်အရာရှိရဲ့ နောက်ကြောင်း ရာဇဝင်တွေကို စီစစ်ရတယ်။ လူ့အခွင့်အရေးချိုးဖေါက်မှုတွေကျူးလွန်ခဲ့ခြင်းရှိမရှိ သဘောထားမှတ်ချက်ပေးရတယ်။ အဲဒီမှတ်ချက်အပေါ်မှာ အခြေခံပြီးရာထူးတိုးပေးသင့်မသင့် တပ်မတော်က စဉ်းစားရတယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအရဆိုရင် တပ်မတော်သားတွေရာထူးတာဝန်တိုးမြှင့်မှု၊ လျှော့ချမှု၊ ရွှေ့ပြောင်း တာဝန်ထမ်းဆောင်မှုတွေမှာ အထက်ထိပ်ဆုံးပိုင်းစစ်ခေါင်းဆောင်အဆင့်ဆင့်ကသာ ဆုံးဖြတ်ဆောင်ရွက်သွား တော့မှာကို တွေ့ရတယ်။ ပြည်ထောင်စု လွှတ်တော်ကလဲ ဘာမှ မတတ်နိုင်ဘူး။ အခြားထိမ်းကြောင်းကြပ်မတ်မယ့် အဖွဲ့အစည်းလဲ

ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘာမှ မပါရှိဘူး။ ဒီတော့ အကျိုးဆက်အနေနဲ့ စစ်အာဏာရှင်တွေက ခိုင်းတာကို တသဝေမတိမ်းနာခံတဲ့ တပ်မတော်သားတွေ၊ လက်မရွံ့လူသတ်သမားတွေအဖြစ် တာဝန်ထမ်းဆောင်နိုင်မယ့် သူတွေသာ သာရာထူးတက်ဘို့ အခွင့်အလန်းရှိမယ် ဆိုတာကို ရှင်းရှင်းနားလည်ရပါလိမ့်မယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပြည်သူလူထုအတွက်ဘာမှ အကျိုးမရှိရုံသာမက တပ်မတော်သားထုတရပ်လုံးကိုပါ စက်ရုပ်စစ်သားတွေဘဝကို လုံးလုံးကျရောက်သွားအောင် ဖန်တည်းထားတဲ့ ဖွဲ့စည်းပုံဖြစ်တာကြောင့် ပြည်သူလူထုအနေနဲ့ ကန့်ကွက်မဲပေးမယ်ချရုံမှတပါး အခြားမရှိပါကြောင်းတင်ပြရင်း နိဂုံးချုပ်ပါရစေ။